# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## နေပြည်တော်

တယ်လီဖုန်းနံပါတ် - ၀၆၇-၄၁၈၂၄၃ / ၀၆၇-၄၁၈၂၆၃
ဖက်(စ်)နံပါတ် - ၀၆၇-၄၁၈၁၅၂
စာတိုက်သေတ္တာအမှတ် - ၁၂၇

အဆောက်အဦအမှတ်(၅၅)
နေပြည်တော်

## ညွှန်ကြားချက်အမှတ် (၂/၂၀၁၂)

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်

အကြောင်းအရာ။ **အီလက်ထရောနစ်ကတ်ဖြင့်ပေးချေမှုဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၂ ပုဒ်မခွဲ(ခ)အရ လည်းကောင်း၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၂၅ ပုဒ်မခွဲ(ဏ) အရ လည်းကောင်း လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အီလက်ထရောနစ်ကတ်လုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရန်အတွက် ဤညွှန်ကြားချက်အမှတ် ၂/၂၀၁၂ ကို ထုတ်ပြန်လိုက်သည်။

**အဓိပ္ပါယ်ဖော်ပြချက်**

၂။ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **"ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း"** ဆိုသည်မှာ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ နိုင်ငံတော်အတွင်းဖွဲ့စည်းတည်ထောင်ထားသော ဘဏ်တစ်ခုခု သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(ခ) **"ဗဟိုဘဏ်"** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ဂ) **"ကတ်"** ဆိုသည်မှာ မြီစားကတ်၊ အကြွေးဝယ်ကတ်၊ အေတီအမ်ကတ်၊ ကြိုတင်ပေးကတ်စသည့် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေပေးချေသော ကတ်ကို ဆိုသည်။

(ဃ) **"ကတ်ဖြင့်ပေးချေမှု"** ဆိုသည်မှာ မြီစားကတ်၊ အကြွေးဝယ်ကတ်၊ အေတီအမ်ကတ်၊ ကြိုတင်ပေးကတ်စသည့် အီလက်ထရောနစ်ကတ်များ အသုံးပြု၍ ငွေပေးချေသည့် နည်းလမ်းကို ဆိုသည်။

(င) **"မြီစားကတ် (Debit Card)"** ဆိုသည်မှာ သုံးစွဲခွင့်ပြုသည့်နေရာများနှင့် အလိုအလျောက် ငွေသွင်းငွေထုတ်စက်များတွင် အသုံးပြုသည့်ငွေပမာဏကို ကတ်ပိုင်ရှင်၏ငွေစာရင်းမှ နှုတ်ယူသည့် ကတ်ကိုဆိုသည်။

(စ) **"အကြွေးဝယ်ကတ် (Credit Card)"** ဆိုသည်မှာ ကတ်ထုတ်ဝေသည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းက ၎င်း၏စာရင်းပိုင်ရှင်သို့ ကြိုတင်ခွင့်ပြုထားသည့်

ချေးငွေပမာဏအတွင်း သုံးစွဲခွင့်ပြုသည့်နေရာများတွင် သို့မဟုတ် ကတ်သုံးစွဲမှုကို လက်ခံသည့် လက်လီလက်ကား ဝယ်ယူခြင်းအတွက် ပေးချေမှုများပြုလုပ်ရာတွင် လည်းကောင်း၊ စာရင်းမှငွေသားထုတ်ယူခြင်း၊ ပေးသွင်းခြင်းနှင့် စာရင်းလွှဲပြောင်းမှုများ ပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုနိုင်သည့်ကတ်ကို ဆိုသည်။

(ဆ) **"အေတီအမ်ကတ် (ATM Card)"** ဆိုသည်မှာ အလိုအလျောက်ငွေသွင်းငွေထုတ်စက်(အေတီအမ်) တွင် ငွေထုတ်ယူခြင်း၊ ငွေသွင်းခြင်းနှင့်/သို့မဟုတ် ဘဏ်တစ်ခုရှိ ကတ်ပိုင်ရှင်၏အပ်ငွေမှ လွှဲပြောင်းပေးချေခြင်း ပြုလုပ်နိုင်သော ကတ်ကို ဆိုသည်။

(ဇ) **"ကြိုတင်ပေးကတ် (Prepaid Card)"** ဆိုသည်မှာ ကတ်ဖြင့်ငွေပေးချေမှု ကိရိယာတစ်ခုဖြစ်ပြီး ကတ်ကိုင်ဆောင်သူသည် တိကျသည့် ငွေပမာဏတစ်ရပ်ကို ကတ်ထုတ်ဝေသူသို့ ကတ်ထုတ်ဝေသူ၏ ကိုယ်စားလှယ်မှတစ်ဆင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ကြိုတင်ပေးသွင်းထားပြီး ကတ်ကိုင်ဆောင်သူက ငွေပေးချေမှုများကို ယင်းကတ်အသုံးပြု၍ ပေးချေနိုင်သည့်ကတ်ကိုဆိုသည်။ ကြိုတင်ပေးကတ်အမျိုးအစားများတွင် ကိစ္စရပ်တစ်ခုအတွက်သာ အသုံးပြုနိုင်သည့် ကြိုတင်ပေးကတ်နှင့် ကိစ္စရပ်အမျိုးမျိုးအတွက် အသုံးပြုနိုင်သည့် ကြိုတင်ပေးကတ်တို့ပါဝင်သည်။ ငွေပေးချေမှုများကို ကတ်အတွင်းရှိ ငွေကြေးတန်ဖိုးမှ နုတ်ယူသည်။

(ဈ) **"ကိစ္စရပ်တစ်ခုအတွက်သာ အသုံးပြုနိုင်သည့် ကြိုတင်ပေးကတ်"** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်မျိုးဝယ်ယူခြင်းအတွက် ပေးချေမှုပြုလုပ်ရာ၌ အသုံးပြုသည့် ကြိုတင်ပေးကတ်ကိုဆိုသည်။ ဥပမာအားဖြင့် ကြိုတင်ပေးကတ်များကို ဖြတ်သန်းခကြေး၊ အများပြည်သူသုံး ခရီးသွားလာခများပေးရာတွင် အသုံးပြုသည်။

(ည) **"ကိစ္စရပ်အမျိုးမျိုးအတွက် အသုံးပြုနိုင်သည့် ကြိုတင်ပေးကတ်"** ဆိုသည်မှာ စီးပွားရေးဆောင်ရွက်ချက်အမျိုးမျိုးမှ ပေါ်ပေါက်သော ပေးရန်တာဝန်ကို ပေးချေရန်အတွက် အသုံးပြုသည့် ကြိုတင်ပေးကတ်ကိုဆိုသည်။ ဥပမာအားဖြင့် ကြိုတင်ပေးကတ်များကို ဖြတ်သန်းခကြေး၊ တယ်လီဖုန်းခတောင်းခံလွှာ၊ အများပြည်သူသုံး ခရီးသွားလာခနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုများဝယ်ယူရန်တို့တွင် အသုံးပြုသည်။

(ဋ) **"ကတ်ထုတ်ဝေသူ"** ဆိုသည်မှာ ဗဟိုဘဏ်က အီလက်ထရောနစ်ကတ်လုပ်ငန်းဆောင်ရွက်ခွင့်ပေးထားသော ဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် မြန်မာငွေပေးချေမှုအဖွဲ့တွင် မှတ်ပုံတင်ထားသော လုပ်ငန်းအဖွဲ့အစည်းကို ဆိုသည်။

(ဌ) **"ကတ်ကိုင်ဆောင်သူ"** ဆိုသည်မှာ ကတ်ထုတ်ဝေသူမှ ထုတ်ဝေထားသော ကတ်ကို ကိုင်ဆောင်ခွင့်ရသူကို ဆိုသည်။

(ဍ) **"ဆင့်ပွားကတ်"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ၏ မိသားစုဝင်တစ်ဦးဦး(ဇနီး/ခင်ပွန်း/ သား/ သမီး/ မိဘ)ကို ကတ်ကိုင်ဆောင်သူ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဘဏ်က ထုတ်ပေးထားသည့် ဆင့်ပွားကတ်ကို ဆိုသည်။

(ပ) **"PIN နံပါတ်"** ဆိုသည်မှာ ကတ်ထုတ်ဝေစဉ်က ကတ်ကိုင်ဆောင်သူ၏ ကိုယ်ပိုင် သတ်မှတ်ထားသော လျှို့ဝှက်နံပါတ်ကိုဆိုသည်။

(ဏ) **"သုံးစွဲခွင့်ပြုသည့်နေရာ (Terminal)"** ဆိုသည်မှာ အလိုအလျောက်ငွေသွင်းငွေထုတ် စက်(အေတီအမ်)များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများဝယ်ယူခြင်းအတွက် ကတ်ဖြင့် ပေးချေမှုများအား လက်ခံသည့် နေရာများကို ဆိုသည်။

(တ) **"ငွေစာရင်း (Bank Account)"** ဆိုသည်မှာ ဖောက်သည်က ဘဏ်တွင်ငွေစာရင်း ဖွင့်လှစ်ထားပြီး ကတ်အသုံးပြုမှုအတွက် စာရင်းရှင်းလင်းရာတွင်လည်းကောင်း၊ ငွေပေးငွေယူကိစ္စရပ်များတွင်လည်းကောင်း အသုံးပြုရန်သဘောတူထားသည့် ဘဏ် ငွေစာရင်းကိုဆိုသည်။

(ထ) **"ကတ်လုပ်ငန်းများ"** ဆိုသည်မှာ ကတ်ထုတ်ဝေခြင်း၊ ကတ်ကိုင်ဆောင်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ ကတ်အသုံးပြု၍ ငွေထုတ်ယူခြင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ပေးချေခြင်းနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊ ကတ်အတွက် အမှတ်တံဆိပ် သို့မဟုတ် သင်္ကေတအသုံးပြုခွင့်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များနှင့် ကတ်သုံးစွဲခြင်းအတွက် စာရင်းရှင်းလင်းခြင်းဆိုင်ရာကိစ္စရပ်များကို ဆိုသည်။

(ဒ) **"မြန်မာငွေပေးချေမှုအဖွဲ့ (Myanmar Payment Union)"** ဆိုသည်မှာ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ကတ်ထုတ်ဝေသူများနှင့် ကတ်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသူများစုပေါင်း၍ ဗဟိုဘဏ်က ဖွဲ့စည်းပေး ထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဓ) **"ကတ်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသူ (Acquirer)"** ဆိုသည်မှာ နိုင်ငံတကာကတ်များအတွက် ငွေပေးချေမှုတာဝန်ယူဆောင်ရွက်ပေးသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းကို ဆိုသည်။

**ကတ်အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ**

၃။ ကတ်များကို မြန်မာနိုင်ငံအတွင်း၌ ကျပ်ငွေဖြင့်လည်းကောင်း၊ သတ်မှတ်ထားသည့် နိုင်ငံခြား သုံးငွေဖြင့်လည်းကောင်း ပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများအတွက် သုံးစွဲခွင့်ရှိသည်။

၄။ ကတ်များကို လူပုဂ္ဂိုလ်တစ်ဦးချင်းကိုသာ ထုတ်ပေးရမည်။

၅။ မြီစားကတ်ထုတ်ပေးရန်လျှောက်ထားသူသည် ကတ်ထုတ်ဝေသည့်ဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်ထားပြီး ယင်းငွေစာရင်း၌ ကတ်ထုတ်ဝေသည့် ဘဏ်ကထားရှိရန် သတ်မှတ်သည့် အနည်းဆုံး လက်ကျန်ပမာဏကို ထားရှိရမည်။

၆။ ကတ်ထုတ်ဝေသူတစ်ဦးသည် ကတ်ကိုင်ဆောင်လိုသူမှ ကတ်ကိုင်ဆောင်လိုကြောင်း စာဖြင့် ရေးသားလျှောက်ထား၍ သတ်မှတ်ထားသည့်လျှောက်လွှာပုံစံပါ အချက်အလက်များကို ပြည့်စုံစွာ ဖြည့်သွင်းစေပြီး စိစစ်ထုတ်ပေးရမည်။

၇။ အကြွေးဝယ်ကတ်ထုတ်ဝေသည့်အဖွဲ့အစည်းက လျှောက်ထားသူအား အကြွေးဝယ်ကတ်ထုတ်ပေးရန် အတည်ပြုပြီးပါက အကြွေးဝယ်ကတ်ဆိုင်ရာသဘောတူညီချက်ကို နှစ်ဦးနှစ်ဖက်ချုပ်ဆိုရမည်။

**လုပ်ငန်းဆောင်ရွက်ခွင့်လျှောက်ထားခြင်း**

၈။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ကတ်လုပ်ငန်းဆောင်ရွက်ခွင့်ကို ဗဟိုဘဏ်သို့ လျှောက်ထားရမည်။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သည့် ကတ်ထုတ်ဝေလိုသူများသည် မြန်မာငွေပေးချေမှုအဖွဲ့မှတစ်ဆင့် ဗဟိုဘဏ်သို့လျှောက်ထားရမည်။

၉။ ကတ်လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်ထားရာ၌ အောက်ဖော်ပြပါ စာရွက်စာတမ်းနှင့်သတင်းအချက်အလက်များအား ဗဟိုဘဏ်သို့ တင်ပြရမည်-

(က) လျှောက်လွှာ၊

(ခ) လုပ်ငန်းစီမံချက်နှင့် ဈေးကွက်အလားအလာ၊

(ဂ) လုပ်ငန်းဆောင်ရွက်မည့် နယ်ပယ်အတိုင်းအတာ၊

(၁) ထုတ်ဝေမည့်ကတ်အမျိုးအစား၊

(၂) ကတ်လုပ်ငန်းဆောင်ရွက်မည့် ဘဏ်ခွဲအရေအတွက်နှင့် အေတီအမ်စက်အရေအတွက်။

(ဃ) လုပ်ငန်းဆောင်ရွက်ရန် အသင့်ဖြစ်မှုအခြေအနေ၊

(င) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊

(စ) ကတ်ကိုင်ဆောင်သူများသို့ ထုတ်ဝေကိုင်ဆောင်ခွင့်ပြုမည့် လုပ်ငန်းစဉ်။

၁၀။ အကြွေးဝယ်ကတ်ထုတ်ဝေသောအဖွဲ့အစည်းများသည် အထက်အပိုဒ်(၉)ပါ လိုအပ်ချက်များအပြင် အောက်ဖော်ပြပါ ကြွေးမြီဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု နည်းလမ်းများကိုလည်း ဆောင်ရွက်ရမည်-

(က) ကတ်ကိုင်ဆောင်သူ၏ အနိမ့်ဆုံးအသက်အရွယ်၊

(ခ) ကတ်ကိုင်ဆောင်သူ၏ အနိမ့်ဆုံးဝင်ငွေ၊

(ဂ) ကတ်ကိုင်ဆောင်သူအတွက် အမြင့်ဆုံးချေးငွေကန့်သတ်ချက်၊

(ဃ) စုစုပေါင်းပေးရန်ငွေ၏ အနိမ့်ဆုံးပေးချေရမည့်ရာခိုင်နှုန်း သတ်မှတ်ချက်။

၁၁။ ဗဟိုဘဏ်သည် အထက်အပိုဒ်(၁၀)ပါ အချက်များကို သတ်မှတ်နိုင်သည်။

၁၂။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် ကတ်ထုတ်ဝေသူအဖြစ် ကတ်အမျိုးအစားများစွာအတွက် တစ်ပြိုင်တည်းဆောင်ရွက်လိုပါကလည်းကောင်း၊ ကတ်အမျိုးအစားတစ်ခုမှ အခြားကတ်အမျိုးအစားကို တိုးချဲ့ထုတ်ဝေလိုပါကလည်းကောင်း ဆောင်ရွက်ခွင့်ပြုရန် ကတ်အမျိုးအစားတစ်ခုချင်းအလိုက် ဗဟိုဘဏ်သို့ သီးခြားခွင့်ပြုချက်တောင်းခံရမည်။

၁၃။ ကတ်လုပ်ငန်းအား ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ရန် တင်ပြလျှောက်ထားပြီးနောက် အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်တွေ့ရှိရပါက ဗဟိုဘဏ်သည် လျှောက်ထားသည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းအား ကတ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်-

(က) လျှောက်လွှာနှင့်အတူ တင်ပြခဲ့သည့် စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များ မှားယွင်းနေခြင်း၊

(ခ) သတ်မှတ်ထားသည့်အချိန်အတွင်း ပြင်ဆင်ရန်လိုအပ်သည်များကို ပြည့်စုံစွာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဂ) လျှောက်ထားသည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းသည် လုပ်ငန်းအား စွမ်းရည် ပြည့်ဝခိုင်မာစွာ ဆောင်ရွက်နိုင်ခြင်းမရှိဟု ထင်မြင်ယူဆခြင်း၊

(ဃ) လက်ရှိကျင့်သုံးနေသည့် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိခြင်း။

၁၄။ ကတ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရန် တင်ပြခဲ့သော လျှောက်လွှာနှင့်ပတ်သက်၍ မမှန်ကန်မှုတစ်စုံတစ်ရာတွေ့ရှိခဲ့ပါက သို့မဟုတ် ကတ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပြီး (၆)လအတွင်း လုပ်ငန်းစတင်နိုင်ခြင်းမရှိပါက ဗဟိုဘဏ်သည် ကတ်လုပ်ငန်းဆောင်ရွက်ခွင့်ကို ရုပ်သိမ်းနိုင်သည်။ သို့သော် ကျိုးကြောင်းခိုင်လုံသော အကြောင်းပြချက်ရှိပါက လုပ်ငန်းစတင်ရမည့် အချိန်ကာလကို တိုးမြှင့်နိုင်သည်။ လျှောက်လွှာအား သတ်မှတ်ထားသည့်ကာလအတွင်း မတင်ပြနိုင်၍ သက်တမ်းတိုးမြှင့်ရန် လိုအပ်သည့် ကိစ္စရပ်များတွင် ဗဟိုဘဏ်သည် ယင်းကာလကို နောက်ထပ်(၆)လ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၁၅။ ကတ်ထုတ်ဝေသူများသည် ကတ်လုပ်ငန်းဆောင်ရွက်ခွင့်အတွက် ဝန်ဆောင်ခကို ဗဟိုဘဏ်က အခါအားလျော်စွာသတ်မှတ်သည့် နှုန်းထားအတိုင်း ပေးဆောင်ရမည်။

**ကတ်လုပ်ငန်းဆိုင်ရာဆောင်ရွက်ရန်အချက်များ**

၁၆။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဌာနတွင်းထုတ်ပြန်သည့် ကတ်လုပ်ငန်းလမ်းညွှန်ချက်များတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) ကတ်လုပ်ငန်းဆောင်ရွက်မည့်ဌာန၏ လုပ်ငန်းဖွဲ့စည်းမှုပုံသဏ္ဌာန်နှင့်ကတ်လုပ်ငန်းတွင် ပါဝင်မည့်သူများ၏ လုပ်ငန်းခွဲဝေမှု၊

(ခ) ကတ်လုပ်ငန်းအား စီမံခန့်ခွဲသူများနှင့် လေ့ကျင့်ပညာပေးခြင်းအစီအစဉ်များ၊

(ဂ) ဘဏ်တွင်း/ ဌာနတွင်း ထိန်းချုပ်မှုစနစ်(လုပ်ငန်းလုပ်ဆောင်ချက်များ၏ စီမံခန့်ခွဲမှုနှင့် စာရင်းကိုင်စနစ်အပါအဝင်)၊ သက်ဆိုင်ရာလုပ်ငန်းနှင့် နည်းပညာအဆင့်အတန်းလိုက်လျောညီထွေရှိသည့် လုံခြုံစိတ်ချရမှုရှိသော နိုင်ငံတကာစံအဆင့်အတန်းမီကွန်ပျူတာစနစ်နှင့်ကျွမ်းကျင်သော ပညာရှင်များ၊

(ဃ) ဌာနတွင်းစာရင်းစစ်ဆေးမှုစနစ်၊

(င) လုပ်ငန်းလုပ်ဆောင်ချက်များအတွက် အစီအစဉ်များနှင့် မဟာဗျူဟာများ၊

(စ) Customer အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လုပ်ငန်းအစီအစဉ်များ၊

(ဆ) လုပ်ငန်းတာဝန်များနှင့်လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်လက်စွဲ၊

(ဇ) ကတ်သုံးစွဲမည့်လူပုဂ္ဂိုလ်၏ ကတ်နှင့်ချိတ်ဆက်ထားသော ဘဏ်စာရင်းတွင် အနည်းဆုံးအပ်နှံထားရှိရမည့် ငွေပမာဏ၊

(ဈ) ကတ်အသုံးပြု၍ အေတီအမ်စက်မှ ငွေထုတ်ယူပါက တစ်ကြိမ်တွင် အများဆုံးထုတ်ယူနိုင်သည့်ပမာဏနှင့် တစ်နေ့တာအတွင်း အများဆုံးထုတ်ယူနိုင်သည့် အကြိမ်အရေအတွက်နှင့် ပမာဏ၊

(ည) ကတ်ပျောက်ဆုံး/ပျက်စီး၍ အသစ်ထုတ်ပေးခြင်းအတွက် ဝန်ဆောင်ခသတ်မှတ်ချက်၊

(ဋ) ကတ်၏သက်တမ်း၊

(ဌ) ဗဟိုဘဏ်၏ အခြားသောသတ်မှတ်ချက်များ။

၁၇။ ကတ်လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့အစည်း သည် ကတ်လုပ်ငန်းဆောင်ရွက်ရန် ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိပြီးပါက မြန်မာငွေပေးချေမှုအဖွဲ့တွင် မှတ်ပုံတင်ရမည်။

၁၈။ ကတ်ထုတ်ဝေသူသည် ကတ်လုပ်ငန်းကို ရပ်ဆိုင်းလိုပါက ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရမည်။ ထိုသို့ဆောင်ရွက်ရာ၌ အောက်ပါအချက်အလက်များပါဝင်သည့် စီမံချက်တစ်ရပ်ကို တင်ပြရမည်-

(က) ကတ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိရသည့် အကြောင်းအရင်းများ၊

(ခ) လက်ရှိဖောက်သည်များ၏ ရပိုင်ခွင့်နှင့်တာဝန်များကို ကိုင်တွယ်ဖြေရှင်းမှုအတွက် နည်းလမ်းများနှင့် ရှင်းလင်းချက်အပြည့်အစုံ။

၁၉။ ကတ်ထုတ်ဝေသူသည် ကတ်လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် စာရင်းဇယားများကို ဗဟိုဘဏ်၏ညွှန်ကြားချက်နှင့်အညီပေးပို့ရမည်။

၂၀။ ကတ်ထုတ်ဝေသူသည် ကတ်လုပ်ငန်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးခြင်းကို ခံယူရမည်။ ထို့အပြင် သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ဗဟိုဘဏ်ကထုတ်ပြန်သော စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များနှင့် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၁။ ကတ်ထုတ်ဝေသူသည် ကတ်ကိုင်ဆောင်သူနှင့် ကြိုတင်သဘောတူညီချက်အရ သတ်မှတ်ကာလအတွင်း ကတ်အသုံးပြုသည့် အကြိမ်အရေအတွက်နှင့် သုံးစွဲသည့် ငွေပမာဏများ၊ ဘဏ်ငွေစာရင်းလက်ကျန်တို့ကို စာရင်းပြုစု၍ ကတ်ကိုင်ဆောင်သူတစ်ဦးချင်းစီသို့ လစဉ် အကြောင်းကြားစာပေးပို့ရမည်။

၂၂။ ကတ်လုပ်ငန်းလုပ်ကိုင်ရန် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရမီ ကတ်ထုတ်ဝေသူ သည် ကတ်များကို ကြော်ငြာခြင်း သို့မဟုတ် အရောင်းမြှင့်တင်ခြင်းမပြုရ။

**စီမံခန့်ခွဲခြင်း**

၂၃။ ကတ်ထုတ်ဝေသူသည် ကတ်လုပ်ငန်းအတွက် သီးခြားစာရင်းကိုင်မှတ်တမ်းများ ထိန်းသိမ်းထားရှိရမည်။ ကတ်လုပ်ငန်းအတွက် စာရင်းကိုင်အခြေခံမူအား မြန်မာနိုင်ငံစာရင်းကိုင်အဖွဲ့၏ စံသတ်မှတ်ချက်များနှင့်အညီ ပြုစု၍ ဗဟိုဘဏ်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၂၄။ အကြွေးဝယ်ကတ် ထုတ်ဝေသောအဖွဲ့အစည်းသည် ပြန်လည်ပေးဆပ်ရန်ကာလ ကျော်လွန်သော ကြွေးမြီများနှင့် စာရင်းပယ်ဖျက်ရန်ကြွေးမြီများအတွက် ကြွေးဆုံးလျာထားခြင်းနှင့်ကြွေးဆုံးသတ်မှတ်ခြင်းကို ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ ကတ်ထုတ်ဝေသူသည် ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုနှင့် ဌာနတွင်းစာရင်းစစ်ဆေးသည့်စနစ်ကို ဖွဲ့စည်းထားရှိရမည်။

၂၆။ ကတ်ထုတ်ဝေသူသည် အောက်တွင်ဖော်ပြထားသည့် ကတ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် (၁)လအတွင်း မှတ်တမ်းတင်ရန်နှင့် စစ်ဆေးရန် ဗဟိုဘဏ်သို့ ပေးပို့ရမည်-

(က) လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊

(ခ) ဗဟိုဘဏ်မှတောင်းခံသော သက်ဆိုင်သည့် သတင်းအချက်အလက်အသေးစိတ်များ။

၂၇။ ကတ်ထုတ်ဝေသူသည် အထက်အပိုဒ် ၂၅ တွင် ဖော်ပြထားသော သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများအပြင် ဗဟိုဘဏ်မှ အတည်ပြုသည့် ပြင်ပစာရင်းစစ်မှ စစ်ဆေးပြီးသော ဘဏ္ဍာရေးနှစ်ချုပ်အစီရင်ခံစာကိုလည်း ဗဟိုဘဏ်သို့ တင်ပြရမည်။

**ကတ်ကိုင်ဆောင်သူ၏ အကျိုးစီးပွားကာကွယ်ခြင်း**

၂၈။ ကတ်ထုတ်ဝေသူသည် ကတ်နှင့်ပတ်သက်သော အောက်ပါသတင်းအချက်အလက်များကို ကတ်ကိုင်ဆောင်သူသို့ အသိပေးရမည်-

(က) ကတ်အသုံးပြုပုံနှင့် လုပ်ငန်းစဉ်များ၊

(ခ) ကတ်ကိုင်ဆောင်သူ၏ အခွင့်အရေးနှင့် တာဝန်များ (ဥပမာ- ကတ်အသုံးပြုမှုနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှုများ/ဆုံးရှုံးနိုင်မှုများအတွက် တာဝန်ရှိကြောင်းနှင့် PIN နံပါတ်အား အထူးလျှို့ဝှက်ထားရန် လိုအပ်ကြောင်း စသည်)

(ဂ) အတိုးတွက်ချက်ပုံနည်းလမ်း၊

(ဃ) ဒဏ်ကြေးတွက်ချက်ပုံနည်းလမ်း၊

(င) ကတ်နှင့်ပတ်သက်သည့် စရိတ်စကများ။

၂၉။ ကတ်ထုတ်ဝေသူများသည် ကတ်နှင့်သက်ဆိုင်သော တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ရမည့်အပြင် ကတ်ကိုင်ဆောင်သူ၏ အခွင့်အရေးအား ကာကွယ်သည့်အနေဖြင့် တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းပေးရန် အရေးပေါ်တယ်လီဖုန်းလိုင်းများကို အများပြည်သူသိရှိစေရန် ကြေညာရမည်။

၃၀။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသော ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေအရ လိုက်နာဆောင်ရွက်ခြင်းမှအပ ကတ်ထုတ်ဝေသူသည် ကတ်ကိုင်ဆောင်နေသူများ၏ငွေစာရင်းများ သို့မဟုတ် ကတ်သုံးစွဲမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရမည်။

**အထွေထွေ**

၃၁။ ကတ်ထုတ်ဝေသူများသည် ဤစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ နှင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ကျခံစေရမည်။

၃၂။ ယင်းစီမံခန့်ခွဲမှုဆိုင်ရာပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

ဥက္ကဋ္ဌ(ကိုယ်စား)
(နေအေး၊ ဒုတိယဥက္ကဋ္ဌ)

ဖြန့်ဝေခြင်း

**နိုင်ငံပိုင်ဘဏ်များ**
**ပုဂ္ဂလိကဘဏ်များအားလုံး**

မိတ္တူကို

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
၂။ ဥက္ကဋ္ဌ၊ ဘဏ်များကြီးကြပ်ရေးကော်မတီ
၃။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
} သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

၄။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း
၅။ ဥက္ကဋ္ဌ၊ မြန်မာငွေပေးချေမှုအဖွဲ့
၆။ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)
၇။ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)
၈။ ဌာနကြီးမှူးများအားလုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
၉။ ရုံးလက်ခံ